# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# အကြံဉာဏ် ရယူခြင်း အစည်းအဝေး အခမ်းအနား ဖိတ်ကြားလွှာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြု စီမံကိန်း (CDD) ကို တိုးချဲ့ ဆောင်ရွက်ရန်ပုံငွေ ထပ်မံချထားရာတွင် အသုံးပြုမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် မူကြမ်း ( the draft of Environment and Social Management Framework-ESMF) နှင့် ပတ်သက်၍ အကြံဉာဏ် ရယူခြင်း အခမ်းအနားများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလပိုင်း အတွင်း ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဤ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် မူကြမ်းကို လူထုဗဟိုပြုစီမံကိန်း (CDD) တွင် တိုးချဲ့ဆောင်ရွက်လျှက်ရှိသည့် မြို့နယ်များထဲမှ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တို့ ပါဝင်လာ၍ လက်ရှိ လိုက်နာကျင့်သုံးနေသော (ESMF) အား ရှေးဟောင်းယဉ်ကျေးမှုနှင့် ပက်သက်၍ ကျင့်သုံးရမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဆန်းစစ်ချက် မူဝါဒများ ပါဝင်သော ကမ္ဘာ့ဘဏ်၏ Operational policy (OP:4.11) အတိုင်း ဖြည့်စွက်ပြုပြင် ရေးဆွဲခဲ့ပါသည်။ ၎င်းအပြင် ပြုပြင်ပြီး ESMF (မူကြမ်း)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုသေတနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန မှ ရှေးဟောင်းယဉ်ကျေးမှုနှင့် ပက်သက်၍ **ထုတ်ပြန်ထားသည့် လိုက်နာရမည့် ဥပဒေ၊ နည်းပညာများ** နှင့်အညီ ကိုက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုက်နာရမည့် အချက်အလက်၊ နည်းလမ်းများကိုလည်း ပြုစု၍ ထည့်သွင်းရေးဆွဲထားပါသည်။

ဤ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် မူကြမ်းတွင် စီမံကိန်း၏ အထွေထွေ သက်ရောက်/ထိခိုက်မှု ဆန်းစစ်ချက်များ၊ သတ်မှတ်ချက်များ နှင့် သဘာဝပတ်ဝန်းကျင် နှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖြစ်စေရန် အတွက် (ESMF) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် မူကြမ်း အပေါ် ပါဝင် ဆွေးနွေးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကြံဉာဏ် ရယူခြင်း အခမ်းအနားများကို ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်တို့၌ မေလပိုင်းအတွင်း အပြီး ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ သာဘာဝပတ်ဝန်းကျင်ဌာနနှင့် ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများအပြင် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများအား တက်ရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားသွားမည်ဖြစ်သည်။

**အမှတ် ၂၄၅၊ သံလျှက်စွန်းလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ** တွင် ESMF (မူကြမ်း) နှင့် ပက်သက်၍ **အကြံဉာဏ်ရယူခြင်း အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့**တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်ဖြင့် တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေး တက်ရောက်ရန် စိတ်ပါ ဝင်စားမှု ရှိပါက cdd.drdmyanmar@gmail.com သို့ လည်းကောင်း၊ ဖုန်းနံပါတ် ဝ၆၇-၄ဝ၇၉၄၁၃ သို့ လည်းကောင်း မေလ ၁ဝ ရက်ထက် နောက်မကျပဲ ဆက်သွယ် အကြောင်း ကြားပေးပါရန်

ကျော်စိုး ( ဒုတိယညွှန်ကြားရေးမှူးချုပ်)

စီမံကိန်း ဒါရိုက်တာ

**အစည်းအဝေးအစီအစဉ်**

| အချိန် | အစီအစဉ် | ကြာချိန် |
|---|---|---|
| | အဖွင့်အမှာစကားပြောကြားခြင်း | ၁ဝ မိနစ် |
| | စီမံကိန်းတိုးချဲ့ရံပုံငွေနှင့် စီမံကိန်းအကြောင်း မိတ်ဆက်ပြောကြားခြင်း | ၁၅ မိနစ် |
| | သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်နှင့် ရှင်းလင်းတင်ပြခြင်း | ၃ဝ မိနစ် |
| | တက်ရောက်လာသူများမှ ပွင့်လင်းမြင်သာစွာ ဆွေးနွေးခြင်း | ၁၁ဝ မိနစ် |
| | ပိတ်သိမ်းခြင်း | ၁၅ မိနစ် |